ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

(၅၃) ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ နယုန်လဆန်း ၁၀ ရက်**

**( ၂၀၁၅ ခုနှစ်၊ မေလ ၂၇ ရက် )**

**[ဗုဒ္ဓဟူးနေ့]**

**အချိန်၊ ၁၀:၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၅၃)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀:၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဒုတိယဥက္ကဋ္ဌဦးမြညိမ်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

### အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀:၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၅၃)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဒုတိယဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

### အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀:၀၃။**

**ဒုတိယဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၅၃)ရက်မြောက်

နေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဟာ စုစုပေါင်း (၂၁၅)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၈၂)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၄.၆၅) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၄။**

**ဒုတိယဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၅၃)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ ထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဒုတိယဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များ စာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာစိုးထွန်း၊ မန္တလေး(၁)၊ ဆေးရုံပြသရန်။ ဦးမျိုးမြင့်၊ မန္တလေး(၆)၊ ကော်မတီလုပ်ငန်း။ ဦးစိုးဟန်လင်း၊ ဧရာဝတီ(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာဌေးနိုင်၊ ဧရာဝတီ(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးလှိုင်ဦး၊ ဧရာဝတီ(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးရှုမောင်၊ ရှမ်း(၈)၊ ဒေသဖွံ့ဖြိုးရေးလုပ်ဆောင်ရန်။ ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်(၁)၊ လူမှုကယ်ဆယ် အစည်းအဝေး တက်ရောက်ရန်။ ဦးစိုင်းကျော်ဇောသန်း၊ ရှမ်း(၂)၊ ကျန်းမာရေးမကောင်း။ ဒေါက်တာခင်ရွှေ၊ ရန်ကုန်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောတော်ပလဲ၊ ကရင်(၇)၊ နေမကောင်း။ ဦးအောင်ကြည်ညွန့်၊ မကွေး(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးနှင်းဝေ၊ ကယား(၁၂)၊ ကျန်းမာရေးတို့ ဖြစ်ကြပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဒုတိယဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကြီးခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၅၃)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၁၅)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၀)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၃)ဦးဖြစ်၍ အမျိုးသားလွှတ်တော် က စုစုပေါင်း ခွင့်ပြုထားသူ(၃၃)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော် ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၇။**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းမည့် မေးခွန်းများဟာ ကာကွယ်ရေးဝန်ကြီး ဌာန၊ ဒုတိယဝန်ကြီးတစ်ဦးတည်းက ဖြေကြားရမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ် များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြား ပေးဖို့ ဖြစ်ပါတယ်။

**စစ်မှုထမ်းသက်(၁၀)နှစ် မပြည့်မီ တိုက်ပွဲဒဏ်ရာကြောင့် အငြိမ်းစားယူသည့် တပ်မတော်သား သေဆုံးသည့်အခါ ၄င်းရရှိသော အငြိမ်းစားလစာကို ကျန်ရစ်သူ ဇနီးသည်မှ ဆက်လက်ခံစားခွင့်ပြုရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၇။**

**ဒုတိယဥက္ကဋ္ဌ။** ။ ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျွန်ခဲန်းက စစ်မှုထမ်းသက်(၁၀)နှစ် မပြည့်မီ တိုက်ပွဲဒဏ်ရာကြောင့် အငြိမ်းစားယူသည့် တပ်မတော်သား သေဆုံးသည့်အခါ ၄င်းရရှိသော အငြိမ်းစားလစာကို ကျန်ရစ်သူဇနီးသည်မှ ဆက်လက်ခံစားခွင့်ပြုရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဦးကျွန်ခဲန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနဲ့တကွ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကော်မရှင်အဖွဲ့ဝင်တို့နဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး လိုရာဆန္ဒပြည့်ဝပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်က ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျွန်ခဲန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌရဲ့ ခွင့်ပြုချက်အရ ကျွန်တော်မေးမြန်းမယ့် မေးခွန်းကတော့ စစ်မှုထမ်းသက်(၁၀)နှစ် မပြည့်မီ တိုက်ပွဲဒဏ်ရာကြောင့် အငြိမ်းစားယူသည့် တပ်မတော်သား သေဆုံးသည့်အခါ ၄င်းရရှိသော အငြိမ်းစားလစာကို ကျန်ရစ်သူ ဇနီးသည်မှ ဆက်လက် ခံစားခွင့်ပြုရန် အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဒီမေးခွန်းကို မေးခဲ့ရခြင်းဟာ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက်တွင် နေထိုင်သူ အမှတ်(၇၆)ခြေလျင်တပ်ရင်းမှ စစ်မှုထမ်းသက်(၁၀)နှစ် မပြည့်မီ တိုက်ပွဲတွင် ဒဏ်ရာရခြင်းကြောင့် အငြိမ်းစားခံစား၍ သေဆုံးသူ ကိုယ်ပိုင်အမှတ် (၅၉၆၃၅၉) တပ်သား ဗန်လျန်ဘွဲ ၏ ဇနီး ဒေါ်လင်ဇာသိန်း မှ အငြိမ်းစားလစာ လွှဲပြောင်းခံစား၍ အသနားခံတင်ပြမှုအပေါ် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တပ်မတော်အငြိမ်းစား လစာနဲ့ဆုကြေး လုပ်သက်(၁၀)နှစ်မပြည့်မီသဖြင့် တပ်သားဗန်လျန်ဘွဲမှာ စစ်မှုထမ်းလုပ်သက်(၁၀)နှစ် မပြည့်သဖြင့် တည်ဆဲ တပ်မတော်အငြိမ်းစားလစာနဲ့ဆုကြေး စည်းမျဉ်းဥပဒေအရ အိမ်ထောင်စုဝင် အငြိမ်းစားလစာကို ဆက်လက်ခံစားရန် မကျန်ရှိတော့ကြောင်း အကြောင်းပြန်ကြားချက်အရ ကျွန်တော့်အနေဖြင့် တပ်မတော်သားများသည် တခြားအစိုးရ ဝန်ထမ်းများနဲ့မတူ တမူထူးခြား သေမင်းတမန်နဲ့ နပန်းလုံးပြီး သေနတ်ကိုင်ကာ တိုင်းပြည်ကို အသက်ပေး ကာကွယ်စောင့်ရှောက်တဲ့ ဝန်ထမ်းများဖြစ်သဖြင့် စစ်မှုထမ်းသက်(၁၀)နှစ် မပြည့်မီ တိုက်ပွဲဒဏ်ရာကြောင့် အငြိမ်းစားခံစားစဉ် သေဆုံးသည့်အခါ ကျန်ရစ်သူဇနီးသည်များမှလည်း ခင်ပွန်းသည်ရဲ့ အငြိမ်းစားလစာကို ဆက်လက် ခံစားခွင့်သင့်ကြောင်းကို ကျွန်တော့်အမြင်နဲ့ ကျွန်တော် တင်ပြခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အကယ်၍ အထက်ဖော်ပြပါ တပ်သားဟာ ရှေ့တန်းတစ်နေရာတွင် တိုက်ပွဲ၌ သေဆုံးခဲ့လျှင် သော်လည်းကောင်း၊ တကယ်လို့ တိုက်ပွဲကနေ ဒဏ်ရာရလို့ ဆေးရုံမှာ သေဆုံးခဲ့လျှင် သော်လည်းကောင်း၊ သူဟာမိသားစုပင်စင်ကို ကျွန်တော် အပြည့်အဝ ဇနီးသည်မှ သော်လည်းကောင်း၊ သူ့မိဘကသော်လည်းကောင်း ရရှိခံစားမည်ဖြစ်ပါတယ်။ အဲဒီလို ခံစားမယ့် အတူတူ ခုနကပြောတဲ့ ဇနီး

သည်ကနေ လျှောက်ထားတဲ့ဟာကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကနေပြီးမှ တပ်မတော်ရဲ့ စည်းမျဉ်း စည်းကမ်းနဲ့ မကိုက်ညီတဲ့အတွက်ကြောင့် ငြင်းပယ်ခဲ့ပါတယ်။ အမှန်ဆိုရင်တော့ ကျွန်တော့်အမြင် ကတော့ အတူတူပဲလို့ပဲ ကျွန်တော် ယူဆပါတယ်။

မြန်မာပြည်မှာလည်း အလားတူ ဖော်ပြတဲ့ တပ်သားကဲ့သို့ အဖြစ်အပျက်မျိုးလည်း များစွာ ရှိမယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။ အဲဒါကြောင့် အငြိမ်းစားလစာခံစားတဲ့ အမျိုးသားများ သေဆုံး တဲ့အခါ ဇနီးသည်မှ လွှဲပြောင်းခံစားစေရေး၊ တည်ဆဲတပ်မတော်ရဲ့ အငြိမ်းစားလစာနဲ့ ဆုကြေး စည်းမျဉ်းဥပဒေ ကိုလည်း ပြန်လည်ပြီး သုံးသပ်ပြီး ပြုပြင်သင့်တယ်လို့ ကျွန်တော် အကြံပြုလိုပါတယ်။ အဲဒါကြောင့် သို့ဖြစ်ပါ၍ အမှုထမ်းသက် (၁၀)နှစ်မပြည့်မီ တိုက်ပွဲဒဏ်ရာကြောင့် အငြိမ်းစားယူသည့် တပ်မတော်သား သေဆုံးသည့်အခါ ကျန်ရစ်သူဇနီးသည်မှ အငြိမ်းစားလစာ ဆက်လက် ခံစားစေရေး ကို ရိုသေလေးစားရပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် တိုက်ပွဲဒဏ်ရာကြောင့် ဒုက္ခရောက်နေသော စစ်မှုထမ်းမိသားစုများကိုယ်စား ရိုသေလေးစားစွာဖြင့် တင်ပြမေးမြန်းအပ် ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဂန့်ဂေါမြို့နယ်၊ ကျောဒေသရှိ ကြဲ၊ နုံးကြီး၊ ကန့်သတ်၊ စကား ရွာ(၄)ရွာအား လျှပ်စစ်မီးရရှိရေးကို က.ပ.စ စက်ရုံ မှတစ်ဆင့် အခမဲ့သွယ်တန်း တပ်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၂။**

**ဒုတိယဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ က ဂန့်ဂေါမြို့နယ်၊ ကျောဒေသရှိ ကြဲ၊ နုံးကြီး၊ ကန့်သတ်၊ စကားရွာ(၄)ရွာအား လျှပ်စစ်မီးရရှိရေးကို က.ပ.စ စက်ရုံမှတစ်ဆင့် အခမဲ့သွယ်တန်း တပ်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၂။**

**ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက် လာသော ပြည်ထောင်စုဝန်ကြီးနဲ့ ကော်မရှင်အဖွဲ့ဝင်များ ကျက်သရေမင်္ဂလာအဖြာဖြာနဲ့ ပြည့်စုံတော်မူ ကြပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တင်ပြ မေးမြန်းလိုတဲ့ မေးခွန်းက တော့ က.ပ.စ(၂၃)ဧရိယာအတွင်း ပါဝင်သွားသော ကျောဒေသရှိ ကြဲ၊ နုံးကြီး၊ ကန့်သတ်၊ စကားရွာ (၄) ရွာအား လျှပ်စစ်မီးသွယ်တန်းရေးအတွက် က.ပ.စ စက်ရုံမှတစ်ဆင့် အခမဲ့သွယ်တန်း တပ်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်းပဲဖြစ်ပါတယ်။

လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဂန့်ဂေါမြို့နယ် ကျောဒေသ မှာရှိတဲ့ က.ပ.စ(၂၃)ဧရိယာထဲမှာ ပါဝင်သွားတဲ့ အထက်ပါ ကြဲတို့၊ နုံးကြီးတို့ ကန့်သတ်တို့ စကားဆိုတဲ့ ရွာ(၄)ရွာဟာ က.ပ.စ စက်ရုံတည်ဆောက်တဲ့အခါမှာ လယ်က (၆၃၈)ဧက၊ ယာက(၇၂၄)ဧက၊ တောင်ယာ (၇၃)ဧကနဲ့ အခြား(၄၇)ဧကတို့ စွန့်လွှတ်ခဲ့ပြီးဖြစ်ပါတယ်။ ယခုအခါမှာ ကန့်သတ်ရွာနဲ့

နံးကြီးရွာမှာ က.ပ.စ တပ်ရင်းက ရွာဘုန်းကြီးကျောင်းတို့၊ ဆေးခန်း၊ ကျောင်းဆရာနေအိမ်တို့ နောက် လမ်းတို့ကိုလည်း ရွာ(၂)ရွာမှာ သွယ်တန်းပေးတဲ့အတွက် ကျေးရွာလူထုဟာ အထူးကျေးဇူးတင်ရှိပါတယ်။ ပြီးခဲ့တဲ့ အစိုးရလက်ထက်မှာ လယ်ယာသိမ်းပြီးတော့ ကျွန်တော်တို့ က.ပ.စ စက်ရုံ တည်ဆောက်ခဲ့တယ်။ အဲဒီတုန်းကတော့ လယ်(၁)ဧကကို (၃၁၈)ကျပ်ပေးလျော်ခဲ့ပေမယ်လို့ သူတို့က ငြိမ်းငြိမ်းချမ်းချမ်းနဲ့ပဲ ရွှေ့ပေးခဲ့ပါတယ်။ နံကပ်တိုက် တစ်လုံးကို (၁၂)သိန်းနဲ့ လျော်ကြေးရခဲ့ပြီးတော့၊ သာမန် ထရံကာ၊ ပျဉ်ထောင် အိမ်တွေတော့ (၃)သိန်း၊ (၄)သိန်းစသည်ဖြင့် အဲဒီလိုပဲ ရပါတယ်။

ဒါပေမယ်လို့ မြို့ရွာ(၄)ရွာဟာ အေးအေးချမ်းချမ်းနဲ့ပဲ ဒါ နိုင်ငံတော်အတွက် လိုအပ်တဲ့ က.ပ.စ စက်ရုံကြီး ဆောက်တာဖြစ်တဲ့အတွက် နေရာရွှေ့ပြောင်းပေးခဲ့ပါတယ်။ တပ်နဲ့ပြည်သူတွေ အင်မတန် သဘောမျှကြပါတယ်။ အခုအချိန်မှာတော့ ရွာ(၄)ရွာ၌ (၂)ရွာကိုတော့ ကျွန်တော်တို့ လမ်းမီးနဲ့ ဘုန်းကြီးကျောင်း မီးသွယ်တန်း ပေးထားတဲ့အတွက် ရွာသူ/ရွာသားတွေက ကျေးဇူးတင် ရှိလျက်ရှိပါတယ်။ ဒါပေမဲ့ ရွာ(၄)ရွာလုံးအတွက် စုစုပေါင်းအိမ်ခြေ(၆၇၈)အိမ်သာ ရှိပါတယ်။ ရွာလေး တွေက သေးသေးလေးတွေပါ။ ကြဲဆိုရင်(၈၄)အိမ်၊ နံးကြီးဆို(၇၁)အိမ်၊ ကန့်သတ်ဆိုရင် (၂၄၇)အိမ်၊ စကားဆို(၂၇၆)အိမ် ရွာလေးတွေက ရွာသိမ် ရွာမွှားလေးတွေပါ။ (၄)ရွာပေါင်းမှ (၆၇၈) အိမ်ထောင်စု သာ ရှိပါတယ်။ အဲဒါလေးတွေကို အခု လက်ရှိရောက်နေပြီးသား (11 KV) လိုင်းကနေတစ်ဆင့် ကျွန်တော်တို့ လျှပ်စစ်မီး သွယ်တန်းပေးမယ်၊ မီတာခ ကောက်ယူမယ်စသည်ဖြင့် အဲဒီလိုမျိုး ဆောင်ရွက် မယ်ဆိုရင် အတိုင်းထက်အလွန် ရွာသူရွာသားတွေက ကျေးဇူးတင်မှာဖြစ်ပါတယ်။ သူတို့အနေနဲ့ ကျောကနေ သွယ်မယ်ဆိုရင်တော့ (၁၂)မိုင်ဝေးကွာတဲ့အတွက် (11KV)လိုင်းကို (၁၂)မိုင်လောက်ကြီး ဝေးတဲ့နေရာကို သွားသွယ်ရင် သူတို့တွက်ချက်ကြည့်တဲ့အခါမှာ သိန်းပေါင်း (၁၅၀၀)လောက် ကုန်မှာ ဖြစ်တဲ့အတွက် ရွာ(၄)ရွာအနေနဲ့ ဘယ်လိုမှ မတတ်နိုင်တဲ့ အနေအထား ဖြစ်တဲ့အတွက်ကြောင့် အခု လက်ရှိ ရောက်ပြီးသား (11KV)လိုင်းမှတစ်ဆင့် ရွာ(၄)ရွာကို သွယ်တန်းခွင့်ပြုဖို့ အထက်ပါ မေးခွန်းကို အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင် ပါတယ်။

**အချိန်၊ ၁၀း၁၆။**

**ဒုတိယဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ပတ်သက်ပြီး ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၆။**

**ဗိုလ်ချုပ်ကျော်ညွန့် (ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယ ဝန်ကြီး ဗိုလ်ချုပ်ကျော်ညွန့် ဖြစ်ပါတယ်။ ကျွန်တော် ကနေ့ မေးခွန်း(၂)ခုကို ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျွန်ခဲန်း ရဲ့ ကြယ်ပွင့်ပြ မေးခွန်းဖြစ်တဲ့ စစ်မှုထမ်းသက်(၁၀)နှစ် မပြည့်မီ တိုက်ပွဲဒဏ်ရာကြောင့် အငြိမ်းစားယူသည့် တပ်မတော်သား သေဆုံးသည့်အခါ ၄င်းရရှိသော အငြိမ်းစားလစာကို ကျန်ရစ်သူဇနီးသည်မှ ဆက်လက် ခံစားခွင့်ပြုရန် အစီအစဉ်ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းပဲဖြစ်ပါတယ်။ သေဆုံးတဲ့ တပ်မတော်သား တစ်ဦး ရဲ့ ခံစားမှုကို ကျွန်တော်တို့ ဒီအလေးတယူ မေးမြန်းပေးတဲ့အတွက်လည်း ကျေးဇူးတင်ကြောင်း ပြောကြား လိုပါတယ်။ ရန်သူ့လက်နက်ဖြင့် ထိခိုက်ဒဏ်ရာရတဲ့ အမြဲတမ်း မစွမ်းမသန် ဖြစ်သွားတဲ့ ဆေးအဆင့် နိမ့် အီးအေ(၁/၂)စစ်မှုထမ်းများမှ စစ်မှုထမ်းသက်(၁၀)နှစ် မပြည့်မီ တပ်မတော်မှ နုတ်ထွက်ခွင့်ရတဲ့အခါ ထုတ်ပြန်ထားတဲ့ အမိန့်နဲ့ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများ လုပ်ထုံးလုပ်နည်းများနှင့်အညီ အောက်ပါခံစားခွင့်များရှိကြောင်း တင်ပြလိုပါတယ်။ ဒါတွေကတော့ စစ်မှုထမ်းသက်အငြိမ်းစား လစာနဲ့ဆုကြေး ခံစားခွင့် ရှိပါတယ်။ အထူးမစွမ်းမသန်မှု အငြိမ်းစားလစာ၊ နောက်ကရုဏာကြေး၊ နောက် အမြဲတမ်းကူဖော် စရိတ်ဆိုပြီး (၄)မျိုးသတ်မှတ်ထားတာရှိပါတယ်။

အဲဒီတော့ စစ်မှုထမ်းသက် အငြိမ်းစားလစာနဲ့ ဆုကြေးကို တင်ပြရမယ်ဆိုရင် ကာကွယ်ရေး ဌာနကောင်စီ ညွှန်ကြားလွှာအမှတ် ၆/၉၀၊ အခန်း(၃)၊ အပိုဒ်(၃၆)ရဲ့ အပိုဒ်(က)မှာ ဆိုရင်တော့ ကျွန်တော် တို့ အရာရှိများအတွက် ရေတွက်ခွင့်ရသော စစ်မှုထမ်းသက်(၁၅)နှစ်နဲ့ညီမျှတဲ့ စစ်မှုထမ်းသက် အငြိမ်းစား လစာနဲ့ ဆုကြေးကို အကျိုးခံစားခွင့်ရမှာဖြစ်ပြီးတော့ ဗိုလ်ကြီးအဆင့်အောက် အရာရှိဖြစ်မယ် ဆိုရင် တော့ ဗိုလ်ကြီးအဆင့် ကနဦး လစာဖြင့် တွက်ချက်ခံစားခွင့်ပေးနေတာပဲ ဖြစ်ပါတယ်။

အပိုဒ်(ခ)မှာတော့ ကျွန်တော်တို့ ဦးကျွန်ခဲန်း တင်ပြတဲ့ စစ်သည်များအတွက်ဖြစ်ပြီး ရေတွက် ခွင့်ရသော စစ်မှုထမ်းသက်(၁၅)နှစ်ရှိသည့် စစ်သည်တစ်ဦးရသင့်သည့် နှစ်တိုးဆုံးလစာနှင့် စရိတ် အပေါ် အခြေခံတွက်ချက်သည့် စစ်မှုထမ်းသက်အငြိမ်းစားလစာနဲ့ ဆုကြေးငွေကို အကျိုးခံစား ခွင့် ရမှာပဲဖြစ်ပါတယ်။

အထူးမစွမ်းမသန်မှု အငြိမ်းစားလစာကိုတော့ ကာကွယ်ရေးဌာနကောင်စီ အထူးအမိန့် အမှတ်၊ ၂/အထူး/၂၀၁၂ အရ နုတ်ထွက်ခွင့်ရတဲ့အခါ သတ်မှတ်ထားသော ဆေးရာခိုင်နှုန်းအလိုက် ၂၀ ရာခိုင်နှုန်းနဲ့အထက် သတ်မှတ်ခံရသူများသည် အထူးမစွမ်းမသန်မှု အငြိမ်းစားလစာကို ဆေးရာ ခိုင်နှုန်းသတ်မှတ်ချက်အလိုက် လစဉ်ခံစားခွင့်ရှရိမှာပဲ ဖြစ်ပါတယ်။ အထူးမစွမ်းမသန်မှု အငြိမ်းစား လစာမှာတော့ အရာရှိရော အခြားအဆင့်မှာ အတူတူပဲ ခံစားရမှာဖြစ်ပါတယ်။

ကရုဏာကြေးမှာလည်း အရာရှိရော စစ်သည်ပါ အတူတူခံစားရမှာဖြစ်ပါတယ်။ ကာကွယ် ရေးဌာနကောင်စီ ညွှန်ကြားလွှာအမှတ် ၃/၇၄ အရ ဆေးရာခိုင်နှုန်း ၆၀ နဲ့အထက် သတ်မှတ်ခံရသည့် အထူးမစွမ်းမသန်မှု အငြိမ်းစားလစာအပြင် လစာနှင့် စရိတ်(၃)ဆနှင့် ညီမျှသော ငွေကို ကရုဏာကြေးအဖြစ် ခံစားရမှာပဲဖြစ်ပါတယ်။

နောက်တစ်ပိုင်းကတော့ ကျွန်တော်တို့ အမြဲတမ်းကူဖော်စရိတ်ကိုတော့ ကာကွယ်ရေးဌာန ကောင်စီ ညွှန်ကြားလွှာအမှတ် ၆/၉၀ အခန်း(၃)၊ အပိုဒ်(၃၉)အရ အမြဲတမ်းမစွမ်းမသန်မှု ရာခိုင်နှုန်း (၁၀၀)ဖြင့် မစွမ်းမသန်မှု အငြိမ်းစား လစာရရှိသည့် စစ်မှုထမ်းတစ်ဦးဟာ နုတ်ထွက်ခွင့်ရရှိသည့် အခွင့်ရအာဏာပိုင်က ထိုကဲ့သို့ မစွမ်းမသန်မှုကြောင့် အမြဲတမ်းကူဖော်လိုသည်ဟု ယူဆလျှင် သို့မဟုတ် စစ်မှုထမ်းသည် မိမိအား ကြည့်ရှု စောင့်ရှောက်ရန် ကူဖော်တစ်ယောက် အမှန်ငှားရမ်းလျှင်

အမြဲတမ်းကူဖော်စရိတ် (၁)လလျှင် နိုင်ငံတော် က အခါအားလျော်စွာ သတ်မှတ်ထားသော အနည်းဆုံး အခကြေးငွေကို ကူဖော်စရိတ်အဖြစ် ခံစားခွင့် ရမှာပဲဖြစ်ပါတယ်။ ကာကွယ်ရေးဌာနကောင်စီ အထူးအမိန့်အမှတ်၊ ၂/အထူး/၂၀၁၂ အရ ကူဖော်စရိတ် အဖြစ် တပ်သားတစ်ဦး၏ အခြေခံလစာကို လစဉ်ခံစားခွင့်ရမှာပဲဖြစ်ပါတယ်။

မစွမ်းမသန်မှုဖြင့် အငြိမ်းစားယူခဲ့သူဟာ ဆေးအဆင့်နိမ့် အရာရှိစစ်သည်များ သေဆုံးသည့် အခါ အမွေခံဇနီးဖြစ်သူအနေဖြင့် အိမ်ထောင်စုဝင်အငြိမ်းစားလစာ အကျိုးခံစားခွင့်များအား ထုတ်ပြန်ထားသော အမိန့်နှင့် ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အောက်ပါအတိုင်း ခံစားခွင့်ရနိုင်ကြောင်း တင်ပြအပ်ပါတယ်။ (၁)အနေနဲ့ဆိုရင် အငြိမ်းစားယူပြီး (၇)နှစ်အတွင်း သေဆုံးသူများကို စစ်မှုထမ်းစဉ်အခါက စစ်မှုထမ်းခြင်းကြောင့် ဖြစ်ပေါ်လာသော ဒဏ်ရာ/ရောဂါဖြင့် သေဆုံးလျှင် ကာကွယ်ရေးဌာနကောင်စီ ညွှန်ကြားလွှာအမှတ် ၆/၉၀ အခန်း(၆)၊ အပိုဒ်(၆၁)အရ အိမ်ထောင်စုဝင် အထူးအငြိမ်းစားလစာ ခံစားခွင့်ရမှာဖြစ်ပြီး ကာကွယ်ရေးဌာနကောင်စီ အထူးအမိန့်အမှတ်၊ ၂/ အထူး/၂၀၀၀ အရ စစ်မှုထမ်းနောက်ဆုံးထုတ် မူရင်းလစာ၏ (၇၀) ရာခိုင်နှုန်းအား ခံစားခွင့်ပြုမှာပဲ ဖြစ်ပါတယ်။

အပိုဒ်(၂)မှာတော့ အငြိမ်းစားယူပြီးနောက် (၇)နှစ်ကျော်လွန်ပြီးမှ သေဆုံးသူများ ကာကွယ်ရေးဌာနကောင်စီ ညွှန်ကြားလွှာအမှတ်၊ ၆/၉၀၊ အခန်း(၂) အပိုဒ် (၂၇)အရ စစ်မှုထမ်းသက် (၁၀)နှစ် ပြည့်မှသာ အငြိမ်းစားလစာ ခံစားခွင့်ရရှိမည်ဖြစ်သော်လည်း မစွမ်းမသန်ဖြစ်၍ နှုတ်ထွက်ခွင့် ရရှိခဲ့ခြင်းဖြစ်သည့် အတွက် စစ်မှုထမ်းသက်(၁၀)နှစ် မပြည့်သော်လည်း စစ်မှုထမ်းသက် (၁၅)နှစ်နှင့် ညီမျှသော အကျိုးခံစားခွင့်များကို အငြိမ်းစားယူစဉ်ကပင် ခံစားခွင့်ပြုခဲ့ခြင်းဖြစ်သဖြင့် ဇနီးဖြစ်သူ အနေဖြင့် မည်သည့် အကျိုးခံစားခွင့်မျှရရှိရန် အကျုံးမဝင်ခြင်း ဖြစ်ပါတယ်လို့ ဖြေကြားရင်း ကျွန်တော်၏ဖြေကြားချက်အား နိဂုံးချုပ်အပ်ပါတယ်။

ဒုတိယမေးခွန်းကို ဆက်လက်ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်တို့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေ အနေနဲ့ မိမိရဲ့မဲဆန္ဒနယ်ရဲ့ မီးလင်းရေး အခက်အခဲများနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ ကြဲ၊ နုံးကြီး၊ ကန့်သတ်၊ စကားရွာ(၄)ရွာအား လျှပ်စစ်မီးရရှိရေးအတွက် က.ပ.စ စက်ရုံမှတစ်ဆင့် အခမဲ့သွယ်တန်း တပ်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနဲ့ ပတ်သက်လို့ဖြေကြားပေးသွားမှာပဲ ဖြစ်ပါတယ်။

ကျွန်တော်တို့ အမှတ်(၂၃) ကာကွယ်ရေးပစ္စည်းစက်ရုံရှိ 11 KV Line မှ ကန့်သတ်ရွာသို့ 11KV Line (၀.၅)မိုင်၊ နုံးကြီးရွာသို့ 11 KV Line (၀.၅)မိုင်၊ နုံးကြီးရွာမှ ကြဲရွာသို့ 11 KV Line (၁.၈)မိုင်နှင့် ကြဲရွာမှ စကားရွာသို့ 11 KV Line(၃)မိုင် စုစုပေါင်း 11 KV Line(၅.၈)မိုင် အကွာအဝေးကို သွယ်တန်းရမှာပဲဖြစ်ပါတယ်။ ကျွန်တော်တို့ သွယ်တန်းမှုနဲ့ ပတ်သက်လို့ ထရန်စဖော်မာများအနေနဲ့ တွက်ချက်တင်ပြရမယ်ဆိုရင် ကျွန်တော်တို့ ကန့်သတ်ရွာအတွက် 200 KVA (၁)လုံး၊ စကားရွာအတွက် 200 KVA (၁)လုံး၊ နုံးကြီးရွာအတွက် 100 KVA (၁)လုံးနှင့် ကြဲရွာတို့အတွက် 100 KVA (၁)လုံး တပ်ဆင်ရမှာပဲ ဖြစ်ပါတယ်။ မီးတိုင်အနေနဲ့ 11 KV Line အတွက် (10)m (၂၄၀)တိုင်ခန့် စိုက်ထူရမှာဖြစ်ပြီး 400 Volt Line အတွက်ကတော့ (8m) (၃၄၀) တိုင်ခန့်စိုက်ထူပေးရမှာပဲ ဖြစ်ပါတယ်။

ဒီလိုကုန်ကျမှုများနဲ့ ပတ်သက်လို့ ကျွန်တော်တို့ ပြန်လည်တင်ပြရမယ်ဆိုလျှင် မီးလိုင်း သွယ်တန်းမှု အကွာအဝေး မိုင်များခြင်း၊ ထရန်စဖော်မာများနှင့် မီးတိုင်များ၏ ကုန်ကျစရိတ်ငွေ များခြင်းတို့ကြောင့် ဘဏ္ဍာငွေမှ ထုတ်နုတ်သုံးစွဲရန် အခက်အခဲရှိပါသဖြင့် ဂန့်ဂေါမြို့နယ်၊ ကျောဒေသရှိ ကြဲ၊ နုံးကြီး၊ ကန့်သတ်နှင့် စကားရွာ (၄)ရွာအား လျှပ်စစ်မီးရရှိရေး အမှတ်(၂၃) ကာကွယ်ရေးပစ္စည်း စက်ရုံမှတစ်ဆင့် အခမဲ့တပ်ဆင်ရန် လောလောဆယ်အစီအစဉ် မရှိပါကြောင်း ပြောကြားရင်း ကျွန်တော့်ရဲ့ ဖြေကြားချက်ကိုနိဂုံးချုပ် တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်။

**ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ ကျွန်တော် ထပ်ဆင့်မေးခွန်း လေး တင်ပြပါရစေခင်ဗျား။ ဟို ကျွန်တော်တို့ ဒေသခံပြည်သူများနဲ့ က.ပ.စ တပ်မှူးနဲ့ တော်တော်လေး ပြေလည်ပါတယ်ခင်ဗျား။ ပြီးခဲ့တဲ့လကပဲ တပ်မှူးနဲ့ တိုင်းဒေသကြီးလျှပ်စစ်ဝန်ကြီး ဦးဝင်းမြင့်မောင် နဲ့ ဒေသခံရပ်မိရပ်ဖများ စုပေါင်းပြီးတော့ ကဲ ခင်ဗျားတို့သွယ်မယ်ဆိုရင် ဒီကနေသွယ်ဖို့လုပ်ပါလို့ ကျွန်တော် ခွင့်ပြုချက်ရတဲ့ အတွက်ကြောင့် ရွာသူ/ ရွာသားတွေဟာ ကျွန်တော်တို့ ဓာတ်တိုင်၊ ဓာတ်ကြိုး၊ ကွေ့သီး ဒါကွန်ကရစ်ဓာတ်တိုင်ပါ စုစုပေါင်း သိန်း(၆၀၀) ဖိုးတော့ ခင်ဗျားတို့ဝယ်ပါ။ ဝယ်တဲ့အခါမှာလည်း ရောင်းမှားဝယ်မှားဖြစ်မှာစိုးလို့ က.ပ.စ က အင်ဂျင်နီယာဗိုလ်ကြီးတစ်ယောက် လိုက်လာပေးပါတယ်။ အဲဒီရပ်မိရပ်ဖများနဲ့ အင်ဂျင်နီယာဗိုလ်ကြီးနဲ့ အတူတူသွားပြီးတော့ မန္တလေး၊ မုံရွာမှာ ကျွန်တော် ဓာတ်တိုင်တွေ၊ ဓာတ်ကြိုးတွေ၊ ထရန်စဖော်မာတွေ၊ ဒီ ဓားမိန်းတွေ အကုန်လုံး မီးသီးကအစ အဲဒါတွေ ကျွန်တော်တို့ သွားဝယ်တာ သိန်း(၆၀၀)ဖိုးပါ။ ပြီးခဲ့တဲ့အပတ်ကပဲ ရောက်ရှိပြီးတော့ ကျွန်တော်လည်း မြင်ခဲ့ပါတယ်။ ဒီလွှတ်တော်မလာခင်။ အဲဒီအချိန်မှာပဲ သွယ်ကြရအောင်ဆိုတဲ့အချိန်မှာ အထက်က ကျွန်တော် အမိန့်မရရှိလို့ သွယ်ဖို့ရာတော့ မဖြစ်နိုင်တော့ပါဘူးလို့ ပြောတဲ့အခါမှာ ကျွန်တော်တို့က ပစ္စည်းတွေက ပုံပြီးတော့ ဒီအတိုင်းသိန်း(၆၀၀)ဆိုတာ မလွယ်ပါဘူးခင်ဗျား။ ကျွန်တော် စုရတာ သူတို့။ အဲဒီ ကျွန်တော်တို့ က.ပ.စ လက်ရှိရောက်နေတဲ့ နေရာကနေ ရွာတွေကို သွယ်ဖို့ရာအတွက်ကို ရွာသူ/ ရွာသားတွေက သိန်း(၆၀၀)ဖိုး တပ်မှူးရဲ့ အကြံပြုချက်နဲ့ တပ်ကပဲ Electrical အင်ဂျင်နီယာ ဗိုလ်ကြီး တစ်ယောက် လိုက်လာပြီးတော့ သေချာဝယ်ပေးပါတယ်။

ဝယ်ပေးတဲ့အတွက်ကြောင့် တော်တော်လေး အဆင်ပြေသွားပါတယ်ခင်ဗျ။ သို့သော် ချိတ်ဖို့ ရာကျတော့ ချိတ်ခါနီး ဆဲဆဲကျမှ မဖြစ်နိုင်တော့ဘူးလို့ သိရပါတယ်။ သို့သော် အကယ်၍သာ က.ပ.စ ကို လက်ရှိလိုင်းကနေ ကျွန်တော်တို့က ကိုယ့်ပိုက်ဆံနဲ့ ကိုယ် သိန်း(၆၀၀)ဖိုး သွယ်လိုက်လို့ ခွင့်ပြုနိုင်တယ် ဆိုရင်လည်း အဆင်ပြေပါတယ်ခင်ဗျ။ ဒါမှမဟုတ်လို့ရှိရင်လည်း တို့က.ပ.စ ကနေ သွယ်လို့ရှိရင်တော့ လိုင်း Fault တွေ၊ ဘာတွေဖြစ်နိုင်တယ်။ စက်ရုံထိခိုက်နိုင်တယ်လို့ ယူဆရင်လည်း ကျောကနေ သွယ်မယ် ဆိုရင်တော့ (၁၂)မိုင်ဆိုတော့ ရွာသူရွာသားတွေက သိန်း(၁၅၀၀)လောက် ရှိပါတယ်ခင်ဗျ။ Estimate တွက်ချက်မှုအရ သိန်း(၁၅၀၀)မှာ သူတို့က အခုလက်ရှိ သိန်း(၆၀၀)က လွှဲပြီးတော့၊ ငွေကတော့ သူတို့ ထပ်မထွက်နိုင်တော့တဲ့ အနေအထား ဖြစ်တဲ့အတွက်ကြောင့် လိုအပ်တဲ့သိန်း(၉၀၀)လောက်ကိုများ ကာကွယ်ရေး ဘတ်ဂျက်ထဲက ကျခံနိုင်မလား သို့မဟုတ် လျှပ်စစ်ပြည်ထောင်စုဝန်ကြီးနဲ့များ ညှိနှိုင်းပေး နိုင်မလား။ ဒါဆိုရင်တော့ ဟို Main Source ဖြစ်တဲ့ ကျောဓာတ်အားခွဲရုံကနေ သွယ်ပေးဖို့ တစ်စုံတစ်ရာ လေးများ အထောက်အကူ ကူညီပေးနိုင်မလားလို့ ကျွန်တော် ထပ်ဆင့်မေးခွန်းလေး အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြရခြင်း ဖြစ်ပါတယ် ခင်ဗျား။

**ဗိုလ်ချုပ်ကျော်ညွန့်(ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)**။ ။ လွှတ်တော်ကိုယ်စားလှယ်ကြီး ကျွန်တော် တင်ပြတဲ့ဟာကလည်း ဖြစ်သင့်တဲ့ကိစ္စလေးပါပဲ။ ကျွန်တော်တို့အနေနဲ့ ကျွန်တော်တို့ရဲ့ က.ပ.စ ရဲ့ Capacity ပေါ်မူတည်ပြီးတော့ ထပ်ပြီးတော့ ဖြန့်ပေးတဲ့တချို့ရွာတွေ ရှိပါတယ်။ နာမည်နဲ့ သာပြောလို့ မမှတ်မိလိုက်တာ အဲဒီတော့ လုပ်ပေးတာတွေရှိပါတယ်။ အဲဒီတော့ အဲဒီအခြေအနေပေါ် မူတည်ပြီးတော့ ကျွန်တော်တို့ကျေးရွာတွေအနေနဲ့ သိန်း(၆၀၀)ဖိုးလည်း ဝယ်ထားတယ်။ ဟုတ်လား။ နောက်ကြားမှာ ကျွန်တော်တို့နဲ့ ဆက်သွယ်လုပ်နိုင်တဲ့ အနေအထားလေးများ၊ ပေးနိုင်မယ့် အနေအထား ရှိရင် ကျွန်တော်နဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးရယ်၊ လျှပ်စစ်ဌာနရယ် ညှိနှိုင်းပြီးတော့ ကျွန်တော့်ရဲ့ အထက်အကြီးအကဲထံ ထပ်မံတင်ပြဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၇။**

**ဒုတိယဥက္ကဋ္ဌ**။ ။ ကျေးဇူးတင်ပါတယ်။ ဒုဝန်ကြီးလည်း အခုလို ဖြေကြားပေးတာ။ လျှပ်စစ်ဝန်ကြီးနဲ့များထပ်ပြီးတော့ ကျန်တဲ့အပိုင်းက အခုနက ဦးလှဆွေ ပြောတာက၊ လျှပ်စစ်ဝန်ကြီး ဦးခင်မောင်စိုးနဲ့ ညှိနှိုင်းရင်လည်း၊ ပေါင်းစပ်လိုက်ရင်လည်း နည်းနည်းလေးဖြစ်နိုင်တဲ့အတွက် ဒါလေးလည်း ပူးပေါင်းပြီး ညှိနှိုင်းပေးပါလို့ မေတ္တာရပ်ခံအပ်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာဗုဒ္ဓဘာသာဝင် မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား တင်သွင်းခြင်း**

**အချိန်၊ ၁၀း၂၈။**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာဗုဒ္ဓဘာသာဝင် မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည်ဖတ်ကြား တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၈။**

**ဦးတင်ယု(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်ယု ဖြစ်ပါတယ်။ ကော်မတီဝင်လည်း ဖြစ်ပါတယ်။ ကော်မတီ၏တာဝန်ပေးချက်အရ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ မြန်မာဗုဒ္ဓဘာသာဝင် မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေကြမ်း အပေါ်စိစစ်တင်ပြခြင်း အစီရင်ခံစာအား ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏
မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများအထူးထိမ်းမြားခြင်းဆိုင်ရာဥပဒေကြမ်းအပေါ်
စိစစ်တင်ပြခြင်းအစီရင်ခံစာ

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၅-၂၉၄

ရက်စွဲ ၊ ၂၀၁၅ ခုနှစ်၊ မေလ ၂၅ ရက်

၁။ ပြည်သူ့လွှတ်တော်က မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေကြမ်းကို ၁၉-၃-၂၀၁၅ ရက်နေ့တွင် ပြင်ဆင်ချက်များဖြင့် သဘောတူအတည်ပြုပြီး အမျိုးသားလွှတ်တော်တွင်ဆွေးနွေးနိုင်ရန်အတွက် ပေးပို့လာပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ယင်းဥပဒေကြမ်းကို ၁-၄-၂၀၁၅ ရက်နေ့တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အမျိုးသားလွှတ်တော်၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်မှ ပညာရှင်များနှင့် တွေ့ဆုံပြီး ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ က ၁၁-၅-၂၀၁၅ ရက်နေ့တွင် အမျိုးသားလွှတ်တော်သို့ အစီရင်ခံစာတင်သွင်းခဲ့ပါသည်။

၂။ အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၁၈-၅-၂၀၁၅ ရက်နေ့၌ ကျင်းပပြုလုပ်သော အမျိုးသားလွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၄၉) ရက်မြောက်နေ့တွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသော ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၇)၊ ဦးအုန်းတင်၊ ရခိုင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁၀)၊ ဦးကျော်ထွန်းအောင်၊ ရခိုင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၅)၊ ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၀)နှင့် ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁)တို့က အကြံပြုဆွေးနွေးခဲ့ကြပါသည်။ ယင်းအကြံပြု ဆွေးနွေးချက်များကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ တာဝန်ပေးချက်အရ ပြန်လည်ကြားနာ၍ အစီရင်ခံစာထပ်မံတင်ပြ အပ်ပါသည်။

လေ့လာတွေ့ရှိချက်

၃။ မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အကြံပြု ဆွေးနွေးသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၅)ဦးနှင့် အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီတို့သည် ၂၀-၅-၂၀၁၅ ရက်နေ့တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှတာဝန်ရှိပုဂ္ဂိုလ်များ၊ အမျိုးသားလွှတ်တော်၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်အဖွဲ့ဝင်များနှင့်အတူ ညှိနှိုင်းဆွေးနွေးခဲ့ပြီး အောက်ပါအတိုင်း သဘောတူညီခဲ့ကြပါသည်-

(က) ပြည်သူ့လွှတ်တော်ကအတည်ပြုသည့် ဥပဒေကြမ်း အပိုဒ် ၄၊ အပိုဒ်ခွဲ(ဂ)နှင့် အပိုဒ် ၉၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၁) တို့ကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ပြန်လည်ထားရှိသင့်ပါကြောင်း သဘောတူညီခဲ့ကြပါသည်။

(ခ) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း အပိုဒ် ၁၃၊ အပိုဒ်ခွဲ(င)တွင် ဖော်ပြထားသော စကားရပ်များကို ဥပဒေရေးထုံးနှင့် ညီညွတ်မှုရှိစေရန်အတွက် ထိုအမိန့်ကိုကျေနပ်မှုမရှိပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံးသို့ အယူခံခွင့် ရှိသည်။ တိုင်းဒေသကြီးတရားလွှတ်တော် သို့မဟုတ် ပြည်နယ်တရားလွှတ်တော်၏ အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်စေရမည် ဆိုသည့် စကားရပ်ဖြင့်

လည်းကောင်း၊ အပိုဒ် ၂၂၊ အပိုဒ်ခွဲ (ဆ) တွင်ဖော်ပြထားသော စကားရပ်များကို မြို့နယ်တရားရုံးက ချမှတ်သောအမိန့်ကို တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံးသို့ အယူခံခွင့်ရှိသည်။ တိုင်းဒေသကြီးတရားလွှတ်တော် သို့မဟုတ် ပြည်နယ်တရားလွှတ်တော်၏ အဆုံးအဖြတ်သည် အပြီးအပြတ် ဖြစ်စေရမည်ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း အပိုဒ် ၁၉၊ အပိုဒ်ခွဲ (ဂ)ကို အဓိပ္ပာယ် ပိုမိုပြည့်စုံမှု ရှိစေရန်အတွက် ယင်းစကားရပ်များနှင့် ဆက်စပ်၍ ဗုဒ္ဓဘာသာ ဓလေ့ထုံးတမ်းအရ အသုံးအဆောင်၊ ပရိဘောဂများအစရှိသည်တို့ကို ထားရှိခွင့်၊ ကိုးကွယ်ခွင့်ပြုရမည် ဆိုသည့်စကားရပ်များကိုလည်းကောင်း၊ အပိုဒ် ၁၉၊ အပိုဒ်ခွဲ(ဃ)တွင် ဖော်ပြထားသော စကားရပ်များအစား မြန်မာစာအရေးအသား ကျစ်လျစ်မှုရှိစေရန်နှင့် အနှစ်သာရပြည့်စုံမှုရှိစေရန်အတွက် မြန်မာဗုဒ္ဓဘာသာဝင် မိန်းမက ဗုဒ္ဓဘာသာဆိုင်ရာ ဒါန၊ သီလ၊ ဘာဝနာ အစရှိသည့်ကိစ္စရပ်များ ဆောင်ရွက်ခြင်းကို ခွင့်ပြုရမည်ဆိုသည့်စကားရပ်ဖြင့် ပြင်ဆင်အစားထိုး၍လည်းကောင်း၊ အပိုဒ် ၂၀၊ အပိုဒ်ခွဲ(က)တွင် ဖော်ပြပါရှိသော မိမိရထိုက်သောအစုကို ဆိုသည့်စကားရပ်ကို မိမိ၏အစုကို ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးသင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဃ) အထက်ဖော်ပြပါအချက်များမှအပ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ထားရှိချက်များအတိုင်း အတည်ပြုသင့်ပါကြောင်း ညှိနှိုင်းသဘောတူညီခဲ့ကြပါသည်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ အကြံပြုဆွေးနွေးချက်များအပေါ် ဥပဒေကြမ်းကော်မတီ၏ ညှိနှိုင်းပြင်ဆင်ချက်များကို ပူးတွဲပါကန့်လန့်ဖြတ်ဇယားဖြင့် အစီရင်ခံတင်ပြအပ်ပါသည်။

ကော်မတီ၏သဘောထားမှတ်ချက်

၄။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာဥပဒေကြမ်းကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် ပြည်ထောင်စု ရှေ့နေချုပ်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အမျိုးသားလွှတ်တော်၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာ ကော်မရှင်မှ ပညာရှင်များ၊ အကြံပြုဆွေးနွေးခဲ့ကြသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် အသေးစိတ်ညှိနှိုင်းဆွေးနွေးသဘောတူခဲ့ကြပါသည်။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်က ယင်းဥပဒေကြမ်းကို အတည်ပြု ဆောင်ရွက်နိုင်ပါရန် တင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၃၄။**

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ် (၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော် က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာဗုဒ္ဓဘာသာဝင် မိန်းမများ အထူးထိမ်းမြားခြင်း ဆိုင်ရာ ဥပဒေကြမ်းကို အတည်ပြုရန် လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ခေါင်းစဉ် ပြင်ဆင်ချက် -

မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေ

(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်     ။)

၁၃၇၇ ခုနှစ်၊     လ     ရက်

(၂၀၁၅ ခုနှစ်၊     လ     ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ခေါင်းစဉ် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ခေါင်းစဉ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အခန်း(၁)၊ အပိုဒ် ၂(ခ)

၂။ (ခ) မြန်မာဗုဒ္ဓဘာသာဝင် မိန်းမနှင့် ဗုဒ္ဓဘာသာဝင် မဟုတ်သော ယောကျ်ားတို့၏ ထိမ်းမြားရေး၊ လင်မယားကွာရှင်းရေး၊ ပစ္စည်းခွဲဝေရေး၊ အမွေဆက်ခံရေး၊ သားသမီး ထိန်းသိမ်းရေးတို့နှင့် သက်ဆိုင်သည့် အငြင်းပွားမှုများကို ဤဥပဒေနှင့် မြန်မာဓလေ့ ထုံးတမ်း ဥပဒေတို့နှင့်အညီ ဆုံးဖြတ်ရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁)၊ အပိုဒ် ၂(ခ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁)၊ အပိုဒ်၂(ခ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၂)၊ အပိုဒ် ၄ (က)(ဃ)(င)

၄။ အသက် ၁၈ နှစ်ပြည့်ပြီးဖြစ်သည့် ဗုဒ္ဓဘာသာဝင် မဟုတ်သည့် ယောကျ်ားတစ်ဦးနှင့် အသက် ၁၈ နှစ်ပြည့်ပြီးဖြစ်သည့် မြန်မာဗုဒ္ဓဘာသာဝင် မိန်းမတစ်ဦးတို့သည် အောက်ဖော်ပြပါ အချက်များနှင့် ပြည့်စုံလျှင် ဤဥပဒေအရ ထိမ်းမြားနိုင်သည် -

(က) နှစ်ဦးစလုံးမှာ စိတ်ပေါ့သွပ်ခြင်းမရှိသူဖြစ်ရမည်။

(ဃ) မိန်းမသည် မပြတ်စဲသော တရားဝင် လင်ယောကျ်ားမရှိသူ ဖြစ်ရမည်။

(င) ယောကျ်ားသည် မပြတ်စဲသော တရားဝင်မိန်းမ မရှိသူဖြစ်ရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၂)၊ အပိုဒ် ၄ (က) (ဃ)(င) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၂)၊ အပိုဒ် ၄(က)(ဃ)(င)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၃)၊ အပိုဒ် ၁၃(င)

၁၃။ (င) ထိုအမိန့်ကို ကျေနပ်မှုမရှိပါက တည်ဆဲ ဥပဒေနှင့်အညီ သက်ဆိုင်ရာ တရားရုံးသို့ အယူခံခွင့်ရှိသည်။ တိုင်းဒေသကြီးတရားလွှတ်တော် သို့မဟုတ် ပြည်နယ် တရားလွှတ်တော်၏ အဆုံးအဖြတ်သည် အပြီးအပြတ် ဖြစ်စေရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၃)၊ အပိုဒ် ၁၃(င) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၃)၊ အပိုဒ် ၁၃(င) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၄)၊ အပိုဒ် ၁၉(ဂ)(ဃ)(င)၊ အပိုဒ် ၂၀(က)

၁၉။ (ဂ) လင်နှင့်မယားတို့ နေထိုင်သည့်အိမ်တွင် မြန်မာဗုဒ္ဓဘာသာဝင် မိန်းမက ဗုဒ္ဓရုပ်ပွားတော်များ၊ ဗုဒ္ဓပုံတော်များ၊ စေတီပုထိုးပုံတော်များ၊ ဗုဒ္ဓဘာသာရဟန်း၊ သံဃာပုံတော်များထားရှိ ကိုးကွယ်ခြင်းနှင့် ဗုဒ္ဓဘာသာ ဓလေ့ထုံးတမ်းအရ အသုံးအဆောင်၊ ပရိဘောဂများ အစရှိသည်တို့ကို ထားရှိခွင့်၊ ကိုးကွယ်ခွင့်ပြုရမည်။

(ဃ) မြန်မာဗုဒ္ဓဘာသာဝင် မိန်းမက ဗုဒ္ဓဘာသာဆိုင်ရာ ဒါန၊ သီလ၊ ဘာဝနာအစရှိသည့် ကိစ္စရပ်များ ဆောင်ရွက်ခြင်းကို ခွင့်ပြုရမည်။

(င) မြန်မာဗုဒ္ဓဘာသာဝင် မိန်းမ၏ ဗုဒ္ဓဘာသာကိုးကွယ် ယုံကြည်မှုကို တစ်နည်းနည်းဖြင့် စွန့်လွှတ်စေပြီး မိမိကိုးကွယ်ရာဘာသာသို့ ဖြစ်စေ၊ အခြားဘာသာ တစ်မျိုးမျိုးသို့ ဖြစ်စေ ကူးပြောင်း ကိုးကွယ်စေမှု မပြုရ။

၂၀။ အခြားတည်ဆဲဥပဒေ သို့မဟုတ် ဓလေ့ထုံးတမ်းက မည်သို့ပင် ဆိုစေကာမူ ဤဥပဒေအရ ထိမ်းမြားခဲ့သည့် ဗုဒ္ဓဘာသာဝင် မဟုတ်သည့် ယောကျ်ားသည် ပုဒ်မ ၁၉ တွင် ပြဋ္ဌာန်းထားသည့် အချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ပါက မြန်မာဗုဒ္ဓဘာသာဝင် မိန်းမက ဗုဒ္ဓဘာသာဝင် မဟုတ်သည့် ယောကျ်ားကို ကွာရှင်းနိုင်သည်။ ထိုအကြောင်းကြောင့် ထိုမိန်းမက ထိုယောကျ်ားကို ကွာရှင်းလျှင်-

(က) ထိုယောက်ျားသည် လင်မယားနှစ်ဦးပိုင် ပစ္စည်းများမှ မိမိ၏ အစုကို စွန့်လွှတ်ရမည့်အပြင် မြန်မာ ဗုဒ္ဓဘာသာဝင် မိန်းမအား လျော်ကြေးပေးရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၄)၊ အပိုဒ် ၁၉(ဂ)(ဃ)(င)၊ အပိုဒ် ၂၀(က) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၄)၊ အပိုဒ် ၁၉ (ဂ)(ဃ)(င)၊ အပိုဒ် ၂၀(က) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၅)၊ အပိုဒ် ၂၂(ခ)

၂၂။ (ခ) ထိုလင်မယားသည် စတင်ပေါင်းဖက်သည့် နေ့မှစ၍ မည်သည့်ကာလတွင်မဆို ဤဥပဒေအရ တစ်ဦးဦးက မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။ ယင်းသို့ လျှောက်ထားလာပါက မှတ်ပုံတင်အရာရှိသည် ပုဒ်မ ၁၄ အရ ထိုသူတို့ကို မိမိက ထိမ်းမြားပေးဘိသကဲ့သို့ ပုဒ်မ ၁၅ နှင့် ပုဒ်မ ၁၆ တွင် သတ်မှတ်ထားသည့် အတိုင်း ဆောင်ရွက်ရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၅)၊ အပိုဒ် ၂၂(ခ) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၅)၊ အပိုဒ် ၂၂(ခ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အခန်း(၆)၊ အပိုဒ် ၂၃(ဆ)

၂၃။ (ဆ) မြို့နယ်တရားရုံးက ချမှတ်သောအမိန့်ကို တည်ဆဲ ဥပဒေနှင့်အညီ သက်ဆိုင်ရာ တရားရုံးသို့ အယူခံခွင့်ရှိသည်။ တိုင်းဒေသကြီး တရားလွှတ်တော် သို့မဟုတ် ပြည်နယ် တရားလွှတ်တော်၏ အဆုံးအဖြတ်သည် အပြီးအပြတ် ဖြစ်စေရမည်ဟု ပြင်ဆင်ထား ပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၆)၊ အပိုဒ် ၂၃(ဆ)ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၆)၊ အပိုဒ် ၂၃(ဆ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၇)၊ အပိုဒ် ၂၇ ခြေဆင်း၊ အပိုဒ် ၃၀

၂၇။ ဘာသာရေးဓလေ့ထုံးတမ်း တစ်ခုခုကဖြစ်စေ၊ ဥပဒေတစ်ရပ်ရပ်က ဖြစ်စေ ဗုဒ္ဓဘာသာဝင် မဟုတ်သည့် ယောကျ်ားတစ်ဦးအား မြန်မာဗုဒ္ဓဘာသာဝင် မိန်းမတစ်ဦးနှင့်လင်မယားအဖြစ် ပေါင်းဖက် နေခြင်းကို ခွင့်မပြုသည့်အကြောင်းကြောင့် ယောကျ်ားက မိန်းမကို ကွာရှင်းလျှင် သို့မဟုတ် စွန့်ခွာလျှင် သို့မဟုတ် ကိုယ်ထိလက်ရောက် ညှဉ်းပန်းနှိပ်စက်ရာရောက်သည်ဖြစ်စေ၊ မရောက်သည်ဖြစ်စေ ရက်စက် သည့် အပြုအမူအားဖြင့် စိတ်ဆင်းရဲအောင်ပြုလျှင် သို့မဟုတ် အကြမ်းဖက်မှုပြုလျှင် အဆိုပါ ဘာသာရေး ဓလေ့ထုံးတမ်း သို့မဟုတ် ဥပဒေက မည်သို့ပင် ဆိုစေကာမူ-

၃၀။ ပုဒ်မ ၂၅ မှ ပုဒ်မ ၂၉ အထိ ပြဋ္ဌာန်းချက်များသည် မြန်မာ ဗုဒ္ဓဘာသာဝင် မိန်းမနှင့် ၎င်း၏ ဗုဒ္ဓဘာသာဝင် မဟုတ်သည့် ယောကျ်ားတို့ ဖြစ်ပွားသော လင်မယားကွာရှင်းမှုကိစ္စ သို့မဟုတ် ဗုဒ္ဓ ဘာသာဝင် မဟုတ်သည့် ယောကျ်ားက မြန်မာဗုဒ္ဓ ဘာသာဝင် မိန်းမကို စွန့်ခွာသည့်ကိစ္စ သို့မဟုတ် ကိုယ်ထိလက်ရောက် ညှဉ်းပန်း နှိပ်စက်ရာရောက်သည် ဖြစ်စေ၊ မရောက်သည်ဖြစ်စေ ရက်စက်သည့် အပြုအမူအားဖြင့် စိတ်ဆင်းရဲအောင်ပြုသည့်ကိစ္စ သို့မဟုတ် အကြမ်းဖက်မှုပြုသည့် ကိစ္စအားလုံးတို့ နှင့် သက်ဆိုင်ရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၇)၊ အပိုဒ် ၂၇ ခြေဆင်း၊ အပိုဒ် ၃၀ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၇)၊ အပိုဒ် ၂၇ ခြေဆင်း၊ အပိုဒ် ၃၀ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၈)၊ အပိုဒ် ၃၂၊ အပိုဒ် ၃၄၊ အပိုဒ် ၃၅၊ အပိုဒ် ၃၆၊ အပိုဒ် ၃၇

၃၂။ မည်သူမဆို ပုဒ်မ ၁၁ သို့မဟုတ် ပုဒ်မ ၁၃ အရ ကန့်ကွက်ခြင်းကို သဘောရိုးနှင့် ကန့်ကွက်ခြင်း မဟုတ်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ကန့်ကွက်သူကို ကျပ်ငါးသိန်းထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

၃၄။ ဗုဒ္ဓဘာသာဝင် မဟုတ်သည့် ယောက်ျားသည် ပုဒ်မ ၁၉ ပုဒ်မခွဲ (င)ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက် မပိုသော ထောင်ဒဏ် ချမှတ်ရမည့်အပြင် ကျပ် သိန်းနှစ်ဆယ် ထက် မပိုသော ငွေဒဏ်လည်း ချမှတ်ရမည်။

၃၅။ ဗုဒ္ဓဘာသာဝင် မဟုတ်သည့် ယောက်ျားသည် ပုဒ်မ ၁၉ ပုဒ်မခွဲ(စ)၊ ပုဒ်မခွဲ(ဆ)နှင့် ပုဒ်မခွဲ(ဇ)ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက် မပိုသော ထောင်ဒဏ် ချမှတ်ရမည့်အပြင် ကျပ် တစ်ဆယ့်ငါးသိန်း ထက်မပိုသော ငွေဒဏ်လည်း ချမှတ်ရမည်။

၃၆။ မည်သူမဆို ပုဒ်မ ၆ ပါ လျှောက်လွှာပုံစံတွင် မဟုတ်မမှန် သည်လည်းဖြစ်၍ မဟုတ်မမှန်ဟု မိမိသိသည်လည်းဖြစ်သော သို့မဟုတ် ယုံကြည်သည်လည်းဖြစ်သော ဖော်ပြချက်ကို သော်လည်းကောင်း၊ သက်သေခံလက်မှတ်ကို သော်လည်းကောင်း ပြုလုပ်ခြင်း သို့မဟုတ် လက်မှတ်ရေးထိုးခြင်း သို့မဟုတ် မှန်ကန်ကြောင်း သက်သေခံခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၇။ မှတ်ပုံတင်အရာရှိသည် ပုဒ်မ ၄ ပုဒ်မခွဲ (ဂ)၊ ပုဒ်မ ၉၊ပုဒ်မ ၁၀၊ ပုဒ်မ ၁၂ ပုဒ်မခွဲ (က)၊ ပုဒ်မ ၁၃ ပုဒ်မခွဲ (ဂ) ပုဒ်မခွဲငယ်(၁)နှင့် ပုဒ်မ ၁၃ ပုဒ်မခွဲ(ဆ) ပုဒ်မခွဲငယ်(၂) ပါ ပြဋ္ဌာန်းချက်တစ်ခုခုနှင့် ဆန့်ကျင်၍ ထိမ်းမြားပေးကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုအရာရှိကို ခြောက်လထက် မပိုသော ထောင်ဒဏ် ဖြစ်စေ၊ ကျပ်နှစ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၈)၊ အပိုဒ် ၃၂၊ အပိုဒ် ၃၄၊ အပိုဒ် ၃၅၊ အပိုဒ် ၃၆၊ အပိုဒ် ၃၇ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၈)၊ အပိုဒ် ၃၂၊ အပိုဒ် ၃၄၊ အပိုဒ် ၃၅၊ အပိုဒ် ၃၆၊ အပိုဒ် ၃၇ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပယ်ဖျက်ချက် -

ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့် ဥပဒေကြမ်း၏ အခန်း(၄)၊ အပိုဒ် ၂၀(ဂ)၊

အခန်း(၇)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၂၇(ဂ)၊ အပိုဒ် ၂၉(က)(၄)၊ အပိုဒ် ၂၉(ခ)(၃)၊ အပိုဒ် ၃၈ တို့ကို ဥပဒေကြမ်း ကော်မတီက ပယ်ဖျက်ထားပါတယ်။

ဒီ ပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက် အတည် ဖြစ်သည်။ (ဩဘာသံများ)

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုထားသည့် -

အခန်း(၁)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၃(ခ)၊

အခန်း(၂)၊ အခန်းခေါင်းစဉ်၊

အခန်း(၃)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၆၊ အပိုဒ် ၇၊ အပိုဒ် ၈၊ အပိုဒ် ၉(က)(၂)(၃)(ခ)၊ အပိုဒ် ၁၀၊ အပိုဒ် ၁၁၊ အပိုဒ် ၁၂(ခ)၊ အပိုဒ် ၁၃(က)(ဃ)၊ အပိုဒ် ၁၄၊ အပိုဒ် ၁၅၊ အပိုဒ် ၁၆၊ အပိုဒ် ၁၇

အခန်း(၄)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၁၉(က)(ခ)(စ)(ဆ)(ဇ)၊ အပိုဒ် ၂၀(ခ) တို့နှင့်

ပြောင်းလဲအမှတ်စဉ်ထားသည့် အခန်း(၄)၊ အပိုဒ် ၂၀(ဂ)၊

အခန်း(၅)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၂၁၊ အပိုဒ် ၂၂

အခန်း(၆)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၂၃(က)(ခ)(၁)(၂)(၃)(ဂ)(ဃ)(င)(စ)

အခန်း(၇)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၂၄၊ အပိုဒ် ၂၅၊ အပိုဒ် ၂၆၊ အပိုဒ် ၂၇(ခ)(ဂ)၊ အပိုဒ် ၂၈၊ အပိုဒ် ၂၉(က)(၃)(ခ)(၁)(၂)(၃)၊ အပိုဒ် ၃၁

အခန်း(၈)၊ အပိုဒ် ၃၃၊ အပိုဒ် ၃၈ တို့ကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ထားရှိရန် ဥပဒေကြမ်းကော်မတီ က တင်ပြထားပါတယ်။

ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အတည်ပြုချက် -

ပြည်သူ့လွှတ်တော်က ပယ်ဖျက်ထားသည့် မူလဥပဒေကြမ်း၏ အခန်း(၂)နှင့် အခန်း(၁၀)၊ အပိုဒ် ၄၁ တို့ကို ပြည်သူ့လွှတ်တော် ၏ ပယ်ဖျက်ချက်အတိုင်း ထားရှိရန် တင်ပြထားပါတယ်။

ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၅၃) ရက်မြောက်နေ့ အစည်းအဝေး ရပ်နား ကြောင်းနှင့်(၅၄)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၀း၅၀။**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး များ ခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (၅၃)ရက်မြောက်နေ့ ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၅၄)ရက်မြောက်နေ့ကို ၂၀၁၅ ခုနှစ်၊ မေလ ၂၈ ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၅၃)ရက်မြောက် နေ့ကို ၁၀း၅၁ နာရီအချိန်တွင် ရပ်နားပါသည်။]